
**နယူးယောက်ပြည်နယ်ကလေးထိန်းသိမ်းကန့်သန့်ချက်ဥပဒေ– ကလေးခရီးသည်စည်းကမ်းကန့်သတ်ချက်များသည် ရွေးချယ်စရာတစ်ခုမဟုတ်ပါ။ သူတို့သည် ဥပဒေဖြစ်သည်။**

ကလေးများအားလုံးသည် သူတို့အသက် **ရှစ်နှစ်ပြည့်မွေးနေ့မရောက်သည့်တိုင်အောင်** ကားတစ်စီးအတွင်း၌ လိုက်ပါစီးနင်းသောအခါ သင့်တော်သောကလေးစည်းကမ်းကန့်သတ်ချက်တွင် ထိန်းသိမ်းကန့်သတ်ထားသော စနစ်ရှိရမည်။ သင့်တော်သောကလေးစည်းကမ်းကန့်သတ်ချက်တစ်ခုသည် ကလေး၏အရွယ်အစားနှင့် အလေးချိန်ကိုမှီရန် ထုတ်လုပ်သူမှ အကြံပြုထောက်ခံထားပြီးဖြစ်သည်။






*ကလေးထိုင်ခုံများနှင့် တဆင့်တင်ထားသောခုံများသည် ကလေးအသက်အရွယ်အပိုင်းအခြားများအတွက် ထိုင်ခုံတိုင်းသည် ကလေးကြီးထွားခြင်းနှင့်အရပ်/အလေးချိန်သတ်မှတ်ချက်များအတွက် အမျိုးမျိုးကွဲပြား နိုင်ကြောင်း အကြံပြုထားကြသည်။ ကလေးထိုင်ခုံနှင့် တဆင့်တင်ထားသောခုံကိုတပ်ဆင်ရန် ပိုင်ရှင်၏ အညွှန်းစာအုပ်ကိုသုံးပြီး ထိုင်ခုံအမြင့်/ အလေးချိန်သတ်မှတ်ချက်များနှင့်သေချာသောထိုင်ခုံသုံးစွဲမှုရှိပါ။ အကယ်၍ ကလေးသည် အသက်ရှစ်နှစ်နှင့် အသက်ရှစ်နှစ်အောက်ဖြစ်ပြီး အရပ် ၄ ပေ ၉ လက်မရှည်ခြင်း သို့မဟုတ် အလေးချိန်ပေါင် ၁၀၀ ထက်နည်းပါက သင်သည် ကလေးတစ်ယောက်ထိန်းသိမ်းကန့်သတ်ထားသောစနစ်ကို ဆက်လက်သုံးရန် အကြံပြုထောက်ခံထားသည်။*

## နောက်သို့မျက်နှာမူခြင်း

## ကလေးယာဉ်စီးထိုင်ခုံ

**မွေးစမှ အနည်းဆုံးအသက်၂*နှစ်အထိ**

အလေးသည် ကားနောက်ခုံတွင် အသက် ၂နှစ်ထိ သိုင်းကြိုးကိုသုံး၍ နောက်ခုံသို့မျက်နှာမူပြီးစီးခြင်း သို့မဟုတ် ကလေးထိုင်ခုံ၏ အလေးချိန် သို့မဟုတ် အမြင့်သတ်မှတ်ချက်ကို ကျော်လွန်သည်အထိ စီးရမည်။ (ပြောင်းနိုင်သောထိုင်ခုံများကို နောက်သို့ နှင့် ရှေ့သို့မျက်နှာမူသော နှစ်ခုစလုံးအတွက် သုံးနိုင်သည်။)

**နောက်သို့မျက်နှာမူသော သိုင်းကြိုးအနေအထား**

- သိုင်းကြိုးအနေအထားမှာ ပုခုံးတွင် (သို့) ပုခုံးအောက်တွင်ရှိရမည်။
- သိုင်းကြိုးခလုတ်၊ ချိတ်သည် ချိုင်းနှစ်ဖက်အကြား ရင်ဘတ်ပေါ်တွင်ရှိရမည်။
- အောက်ဘက်သိုင်းကြိုးသည် ဗိုက်ပေါ်တွင်မဟုတ်ပဲ တင်ပါးပေါ်တွင်ရှိရမည်။

**တပ်ဆင်ခြင်း***

နောက်သို့မျက်နှာမူသောကလေးယာဉ်စီးသူထိုင်ခုံသည် ယာဉ်၏ထိုင်ခုံ၊ ယာဉ်၏ထိုင်ခုံခါးပတ်နှင့်သော်လည်း ကောင်း သို့မဟုတ် အောက်တွင်ရှိသော ချိတ်များတွင် ချိတ်ဆက်ထားရမည်။ သေချာစွာ တပ်ဆင်ထားသော ကလေးခရီးသည်ထိုင်ခုံများသည် ဘေးမှဘေးသို့နှင့် အရှေ့မှ အနောက်သို့ တစ်လက်မ ကျော်ထက်မရွေ့ရှားသင့်ပေ။

ကလေးယာဉ်စီးသူထိုင်ခုံအား အလုပ်လုပ်သော လေအိတ်အရှေ့တွင် ဘယ်တော့မှ မထားပါနှင့်။

## ရှေ့သို့မျက်နှာမူခြင်း

## ကလေးယာဉ်စီးထိုင်ခုံ

**အသက် ၂နှစ်မှ အနည်းဆုံး ၅* နှစ်အထိ**

ကလေးသည် နောက်သို့မျက်နှာမူသောထိုင်ခုံဖြင့် သို့မဟုတ် နောက်သို့မျက်နှာမူသောထိုင်ခုံ အနေအထားဖြင့် မဆံ့အောင် ကြီးလွန်းနေခဲ့သော် သူတို့သည် နောက်ခုံတွင် ရှေ့သို့မျက်နှာမူခြင်းကို သိုင်းကြိုးဖြင့်အသုံးပြုခြင်းကို သူတို့အသက်အနည်းဆုံး ၅နှစ် သို့မဟုတ် ကလေးထိုင်ခုံ၏ အလေးချိန် သို့မဟုတ် အမြင့်သတ်မှတ်ချက်ကို ကျော်လွန်သည် အထိအသုံးပြုနိုင်သည်။ (ပြောင်းနိုင်သောထိုင်ခုံများကို နောက်သို့ နှင့် ရှေ့သို့မျက်နှာမူသော/ပေါင်းစပ်ထားသည့်ထိုင်ခုံများသည် ရှေ့သို့မျက်နှာမူသော သိုင်းကြိုး နှင့် တဆင့်တင်ထားသောခုံ နှစ်ခုစလုံးအတွက် သုံးနိုင်သည်။)

**ရှေ့သို့မျက်နှာမူထားသော သိုင်းကြိုးအနေအထား**

- သိုင်းကြိုးအနေအထားမှာ ပုခုံးတွင် (သို့) ပုခုံးအပေါ်တွင်ရှိရမည်။
- သိုင်းကြိုးခလုတ်၊ ချိတ်သည် ချိုင်းနှစ်ဖက်အကြား ရင်ဘတ်ပေါ်တွင်ရှိရမည်။
- အောက်ဘက်သိုင်းကြိုးသည် ဗိုက်ပေါ်တွင်မဟုတ်ပဲ တင်ပါးပေါ်တွင်ရှိရမည်။

**တပ်ဆင်ခြင်း***

ရှေ့သို့မျက်နှာမူသော ကလေးခရီးသည်ထိုင်ခုံသည် ယာဉ်၏ထိုင်ခုံ၊ ယာဉ်၏ထိုင်ခုံခါးပတ်နှင့်သော်လည်း ကောင်း သို့မဟုတ် အောက်တွင်ရှိသောချိတ်များနှင့် ချည်သောကြိုးတွင် ချိတ်ဆက်ထားရမည်။ သေချာစွာတပ်ဆင်ထားသော ကလေးခရီးသည်ထိုင်ခုံများသည် ဘေးမှဘေးသို့နှင့် အရှေ့မှ အနောက်သို့ တစ်လက်မကျော်ထက်မရွေ့ရှားသင့်ပေ။

**ကလေးယာဉ်စီးသူထိုင်ခုံအား အလုပ်လုပ်သောလေအိတ်အရှေ့တွင် ဘယ်တော့မှ မထားပါနှင့်။**

## တဆင့်တင်ထားသည့်ထိုင်ခုံ

**၄–၇ နှစ်***

ကလေးသည် နောက်ထိုင်ခုံတွင် ရှေ့သို့မျက်နှာမူ၍ စီးသော ကလေးယာဉ်စီးထိုင်ခုံနှင့်အတူ သိုင်းကြိုး တစ်ခုကို ထိုင်ခုံထုတ်လုပ်သူမှ ခွင့်ပြုထားသည့် ကလေးအမြင့်ဆုံးအရပ် သို့မဟုတ် အလေးချိန် သတ်မှတ်ချက်ရောက်သည်အထိ အသုံးပြုရန် အကြံပြုထောက်ခံထားသည်။

ကလေးသည် ရှေ့သို့မျက်နှာမူသော ကလေးခရီးသည်ထိုင်ခုံတွင် သိုင်းကြိုးတစ်ခုနှင့်အတူစီးရန် မဆံ့အောင်ကြီးထွားချိန်တွင် ကားနောက်ဘက် ထိုင်ခုံ၌ တဆင့်တင်ထားသောခုံတွင် သူတို့ကို ရွှေ့ပြောင်း၍စီးစေပါ။
(ပေါင်းစပ်ထားသောထိုင်ခုံများသည် အရှေ့သို့မျက်နှာမူခြင်းနှင့် သိုင်းကြိုးနှင့် တဆင့်တင်ထားသည့်ခုံပါခြင်းဖြစ်သည်။

**တဆင့်တင်ထားသောခုံခါးပတ်အနေအထား။**
၁။ ပုခုံးပတ်ကြိုးသည် ပုခုံးနှင့် ရင်ဘက်ပေါ်တွင် ချောမွေ့စွာ ဖြတ်သွားရမည်ဖြစ်ပြီး လည်ပင်းနှင့် မျက်နှာကို ဖြတ်ထားခြင်းမရှိရ။
၂။ ပေါင်တွင်ပတ်သောကြိုးသည် ပေါင်ရင်းများ အပေါ်တွင်ရှိရမည်။ (ဗိုက်ပေါ်တွင် မရှိရ)

**တပ်ဆင်ခြင်း***

တဆင့်တင်ထားသောခုံများသည် ကလေးကို ထိန်းသိမ်းရန်ခါးပတ်ကို သုံးရမည်ဖြစ်ပြီး ကလေး၏လည်ပင်းနှင့်မျက်နှာမှ လွတ်နေရန် ကူညီပေး၍ ကလေးအား မြင့်သောအနေအထား တစ်ခုသို့တင်ထားခြင်းဖြင့် ပေါင်တွင်ပတ်သောကြိုးသည် ဗိုက်မှလွတ်နေစေသည်။

ချည်သည့်ကြိုးတစ်ခုတဆင့်တင်သောခုံတွင်ရှိပါက ၎င်းကိုယာဉ်နှင့်တွဲထားပါ။

## ထိုင်ခုံခါးပတ်

**၈– ၁၂ နှစ်+***

သင့်ယာဉ်တွင်ရှိသော လုံခြုံရေးခါးပတ်သည် ကလေးများအတွက် ဖန်တီးထားခြင်းမဟုတ်ပေ။ အကောင်းဆုံးလေ့ကျင့်ခြင်းများ၏ ဖော်ပြချက်မှာ ကလေးများသည် ထိုင်ခုံခါးပတ်နှင့် သေချာစွာ အံဝင်ဂွင်ကျဖြစ်သည်အထိ တဆင့်တင်ထားသည့်ခုံကိုသုံးပါက ပို၍စိတ်ချလုံခြုံမည်ဖြစ်သည်။

**ထိုင်ခုံခါးပတ်များသည် သေချာစွာ အံဝင်ဂွင်ကျရန်အချိန်**
၁။ ပုခုံးပတ်ကြိုးသည် ပုခုံးနှင့် ရင်ဘက်ပေါ်တွင် ချောမွေ့စွာ ဖြတ်သွားရမည်ဖြစ်ပြီး လည်ပင်း နှင့် မျက်နှာကို ဖြတ်ထားခြင်းမရှိရ။

၂။ ပေါင်တွင်ပတ်သောကြိုးသည် ပေါင်ရင်းများ အပေါ်တွင်ရှိရမည်။ (ဗိုက်ပေါ်တွင် မရှိရ)

၃။ ကလေးများသည် ကားအနောက်ထိုင်ခုံအစွန်တွင် သူတို့ဒူးခေါင်းများကွေးနေအောင်ကျနေပြီး ယာဉ်ထိုင်ခုံအား သူတို့ကျောနှင့်ခံထားနိုင်သော သက်တောင့်သက်သာဖြစ်မည့်လိုအပ်သောအရပ် အမောင်းရှိသင့်သည်။

အသက် ၁၂နှစ်နှင့် အောက်ကလေးများအားလုံးအား သေချာသတ်မှတ်ထားသောစည်းကမ်းကန့်သတ်ချက်များအောက်တွင်စီးနင်းရန် မြင့်မားစွာအကြံပြုထောက်ခံထားသည်။

ကားရှေခန်းခုံတွင် ယာဉ်မောင်းသူနှင့် ယာဉ်စီးသူတိုင်း တစ်ဦးလျှင် ခါးပတ်တစ်ခုစီ ထိုင်ခုံခါးပတ် ပတ်ရမည်။ ယာဉ်မောင်းသူနှင့် အသက် ၁၆နှစ် သို့မဟုတ် ထိုထက်ကြီးသောအရွယ်ရောက်ပြီးသူတိုင်းသည် ထိုင်ခုံခါးပတ်တစ်ခုပတ်ရန် ပျက်ကွက်ပါက $ ၅၀ အထိ ဒဏ်ငွေချမှတ်နိုင်သည်။

**နေရာယူထားသူမည်သူမဆို အသက်အရွယ်နှင့်မဆိုင်ပဲ သို့မဟုတ် ထိုင်သောပုံစံအနေအထားသည် လုံခြုံစိတ်ချရသောထိန်းသိမ်းမှုတစ်ခုအားဖြင့် ရှိနေရမည်။ အသက် ၁၆ နှစ်အောက်ယာဉ်စီးသူတိုင်းသည် ထိုင်ခုံခါးပတ်တစ်ခု သို့မဟုတ် သင့်တော်မှန်ကန်သော ကလေးလုံခြုံစိတ်ချရသည့် ထိန်းသိမ်းမှုစနစ်ကို အသုံးပြုရမည်။ ယာဉ်မောင်းမှ အသက် ၁၆ နှစ်အောက် ယာဉ်စီးသူတိုင်း ဥပဒေကိုလိုက်နာရန် သေချာစေရမည်။ ယာဉ်မောင်းသည် $ ၂၅ မှ $ ၁၀၀ ဒဏ်ကြေးပေးဆောင်ရန်ဖြစ်နိုင်ပြီး ပြစ်မှုတစ်ခုစီတိုင်းအတွက် ယာဉ်မောင်းလိုင်စင်ပြစ်ဒဏ်ပွိုင့် သုံးခုထိရရှိနိုင်သည်။**

**TS.CPS.2017.Burmese. CPS Seat Chart Flyer 11 x 17**


Child passenger seat recommendations: American Academy of Pediatrics Safety Committee. Graphic design: adapted from National Highway Traffic Safety Administration. This flyer was modified Aug 2017 by Mohawk Valley Resource Center for Refugees with recommendations from the New York State Governors Traffic Committee. Translations provided by **Tone** at www. tonetranslate.com a division of Mohawk Valley Resource Center for Refugees. This project is made possible through the Mohawk Valley Resource Center for Refugees' Child Passenger Safety program funded by the National Highway Traffic Safety Administration with a grant from the New York State Governor's Traffic Safety Committee.


NEW YORK STATE OF OPPORTUNITY. Governor's Traffic Safety Committee

MVRCR MOHAWK VALLEY RESOURCE CENTER FOR REFUGEES

tone translation of nearly everything